စိတ်ကူးချိုချိုအနုပညာ

# ဖြတ်ဖြိုင်မြမ်း

# အောင်မြင်သူတို့၏ ဝိညာဉ်(သို့မဟုတ်)စိတ်ကူး

## သင့်ဘဝကို ပြောင်းလဲစေမည့် စိတ်ကူးများ ဖန်တီးထုတ်လုပ်နည်း

## A TECHNIQUE FOR PRODUCING IDEAS

JAMES WEBB YOUNG



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ထိရောက်ကောင်းမွန်သော စိတ်ကူးတစ်ခုဖြင့်
ဘဝအရေးများတွင် သူတစ်ပါးထက် နာတစ်ဖျား သာလိုသူများ၊
တီထွင်ဖန်တီးမှုနှင့် မကင်းသော အလုပ်တွေ
လုပ်ကိုင်နေသူများ ကြိုက်နှစ်သက်မည့်စာအုပ်။

# မြတ်ငြိမ်း

# အောင်မြင်သူတို့၏ ဝိညာဉ်(သို့မဟုတ်)စိတ်ကူး

သင့်ဘဝကို ပြောင်းလဲစေမည့်
စိတ်ကူးများ ဖန်တီးထုတ်လုပ်နည်း

**A TECHNIQUE FOR PRODUCING IDEAS**
**JAMES WEBB YOUNG**



MN0027
1,200.00 KS

mgyoe.com

mgyoe.com

အောင်မြင်သူတို့၏ဝိညာဉ်(သို့မဟုတ်)စိတ်ကူး၊ မြတ်ငြိမ်း
စာမျက်နှာ ၄၇++ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၉ The Key Publishing House ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# အောင်မြင်သူတို့၏ဝိညာဉ်
# (သို့မဟုတ်)စိတ်ကူး
# A TECHNIQUE FOR PRODUCING IDEAS

**James Webb Young**

မြတ်ငြိမ်း
မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | |
|---|---|
| – ဘာသာပြန်သူ၏အမှာ | က |
| – စကားဦး၊ ကိသ် ရိန်းဟာ့ဒ် | င |
| – အမှာစာ၊ ဝိလျံ ဘန်းဘာ့ခ် | ဠ |
| – ကျမ်းဦးစကား၊ ဂျိမ်း ဝက်ဘ်ယန်း | ဏ |
| ၁။ ဇာတ်လမ်းစခဲ့ပုံ | ၁ |
| ၂။ အတွေ့အကြုံမှရသော ပုံသေနည်း | ၄ |
| ၃။ ပယ်ရက်တို အခြေခံ သဘောတရား | ၈ |
| ၄။ စိတ်ကို လေ့ကျင့် ပေးခြင်း | ၁၃ |
| ၅။ အချက်အလက်ဟောင်းများ တွဲစပ်ခြင်း | ၁၆ |
| ၆။ စိတ်ကူးများသည် တွဲစပ်မှုအသစ်များဖြစ်သည် | ၂၁ |
| ၇။ စိတ်အစာ ချေဖျက်ခြင်း | ၃၀ |
| ၈။ ဒီအကြောင်း အမြဲမပြတ် စဉ်းစားနေ | ၃၅ |
| ၉။ နောက်ဆုံးအဆင့် | ၃၈ |
| ၁၀။ နောက်မှရသော စိတ်ကူးတချို့ | ၄၁ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏အမှာ

**စိတ်ကူး။**

လူရယ်လို့ ဖြစ်လာလျှင် ရှောင်လွှဲလို့ မရသည့် စိတ်ကူး။ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မသုံးမဖြစ် သုံးနေရသည့် စိတ်ကူး။ နေ့စဉ် ဘဝ ရှင်သန်ရပ်တည်ရေး လှုပ်ရှားမှုများတွင် ကျွန်တော်တို့ မဖြစ်မနေ စိတ်ကူးတွေ ထုတ်နေကြရသည်။

အင်ဂျင်နီယာကလည်း အင်ဂျင်နီယာအလျောက်၊ ပန်းချီဆရာ၊ ကဗျာဆရာ၊ စာရေးဆရာ၊ ဂီတပညာရှင်တို့က လည်း သူတို့နှင့်ဆိုင်ရာ လုပ်ငန်းအလိုက် စိတ်ကူးတွေ ထုတ်ကြသည်။ ဈေးရောင်းသူ၊ ကုမ္ပဏီ ပိုင်ရှင်၊ ကျောင်း ဆရာ စသည်ဖြင့် ဘယ်လိုဝမ်းကျောင်းပညာမျိုးဖြင့် ရှင်သန် နေသည်ဖြစ်စေ မိမိလုပ်ငန်း တိုးတက်ရေးအတွက် စိတ်ကူး များ ထုတ်ကြရသည်။ ထိရောက်ပြောင်မြောက်သော စိတ်ကူး ကို အလေးထား တန်ဖိုးအထားဆုံး ဝမ်းကျောင်းလုပ်ငန်းရှင် များကတော့ ကြော်ငြာသမားများ ဖြစ်ပါသည်။

mgyoe.com

mgyoe.com



မည်သည့်ဝမ်းကျောင်းအလုပ်မျိုး လုပ်ကိုင်နေသည် ဖြစ်စေ သူတို့၏နှလုံးသားထဲမှ ထွက်လာသည့် စိတ်ကူးများ က သူတို့၏ အောင်မြင်မှုနှင့် ရှုံးနိမ့်မှုကို ပြဋ္ဌာန်းသတ်မှတ်ပေး ပါသည်။

"ဟား၊ ဒီစိတ်ကူးက ကောင်းလှချည်လား"

"အဲဒီလိုစိတ်ကူးမျိုးထွက်တာ ငါဖြင့် အံ့ဩလို့မဆုံး ဘူး"

ဆိုသည့် စကားမျိုးတွေ ကျွန်တော်တို့ မကြာခဏ ကြားဖူးသလို၊ စိတ်ကူးအပေါ်စား၊ အညံ့စားတွေ့လျှင်၊ ကြားလျှင်အပြစ် တင် ရှုတ်ချသံများလည်း ကြားဖူးပါသည်။

တချို့ကပြောကြသည်။ စိတ်ကူး (idea) ဆိုသည်မှာ မတော်တဆ ဖြစ်ပေါ်လာတာမျိုးဖြစ်သည်။ အလိုအလျောက် ပေါ်ပေါက်လာတာမျိုး ဖြစ်သည်ဟု။ သို့သော် ထိုသို့မဟုတ် ဘဲ မော်တော်ကား ထုတ်လုပ်ရေး စက်ရုံတွင် စက်ပစ္စည်း တပ်ဆင်ရေး လမ်းကြောင်း (assembly line) ဖြင့် စနစ် တကျ ထုတ်လုပ်သလို၊ စိတ်ကူးများကိုလည်း စိတ်ကူးထုတ် လုပ်ရေးလုပ်ငန်းစဉ်ဖြင့် ထုတ်လုပ်လို့ရကြောင်း ဤစာအုပ် က ထောက်ပြထားပါသည်။ စိတ်ကူးများ ဖန်တီးထုတ်လုပ် ရာတွင် လိုက်နာကျင့်ကြံရမည့် အခြေခံသဘောတရားများနှင့် နည်းစနစ်တို့ကိုလည်း ဖော်ပြထားပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် နည်းစနစ်များ အတိုင်း လိုက်နာကျင့်ကြံလျှင် စိတ်ကူးထုတ်လုပ်နိုင်သည့် စွမ်းရည်များ တိုးတက်ပွားများလာနိုင်ကြောင်းလည်း စာရေး သူက အာမခံထားပါသည်။

mgyoe.com

mgyoe.com



ထိရောက်ကောင်းမွန်သော စိတ်ကူးတစ်ခုဖြင့် ဘဝ အရေးများတွင် သူတစ်ပါးထက် နှာတစ်ဖျား သာလိုသူများ၊ တီထွင်ဖန်တီးမှုနှင့် မကင်းသောအလုပ်တွေ လုပ် ကိုင်နေသူ များ ကြိုက်နှစ်သက်မည့်စာအုပ် ဖြစ်ပါသည်။

ဤကျမ်းငယ်သည် ငယ်ပင်ငယ်သော်ငြားလည်း စိတ်ကူး အကြောင်းကို ကျစ်ကျစ်လျစ်လျစ်နှင့် ထဲထဲဝင်ဝင် ဖော်ပြထားသော ရှားရှားပါးပါး စာအုပ်တစ်အုပ်ဖြစ်ကြောင်း ဘာသာပြန်သူက ထောက်ခံတင်ပြအပ်ပါသည်။

စာချစ်သူများအား လေးစားလျက်
မြတ်ငြိမ်း
၁၅၊ ၁၀၊ ၀၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စကားဦး

ကီသ် ရိန်းဟာ့ဒ်
နာယက
ကမ္ဘာလုံးဆိုင်ရာ ဒီဒီဘီကုမ္ပဏီ

အလွန့်အလွန် ခေတ်မီတိုးတက်သော ယနေ့ခေတ် ယနေ့ ကမ္ဘာကြီးတွင် တီထွင်ဖန်တီးမှုနှင့် ပတ်သက်သည့် လုပ်ငန်း လုပ်ကိုင်ပြီး ဝမ်းကျောင်းမှု ပြုနေသူတွေရှိ၏။ ထိုသို့ သောသူများအတွက် ၁၉၄၀ ပြည့်လွန်နှစ်များက ပထမ အကြိမ်အဖြစ် ရေးသားထုတ်ဝေခဲ့သည့် စာအုပ်တစ်အုပ် သည် အရေးပါအရာရောက်နေသည်။ အလွန်မတန် အသုံး တည့်နေသည်။

ဘာ့ကြောင့်လဲ။ ဘာ့ကြောင့် သည်လိုဖြစ်နေပါသလဲ။

ဘာ့ကြောင့်ဆို စိတ်ကူးစိတ်သန်း ထက်မြက် ကောင်း မွန်သော ဂျိမ်းဝက်ဘ်ယန်း (James Webb Young) ဆိုသူက "သင် စိတ်ကူးတွေ ဘယ်လိုရသလဲ" ဆိုသည့်

mgyoe.com

mgyoe.com



မေးခွန်းကို ဖြေသည့်အနေဖြင့် မှတ်လောက်သားလောက်သော ဤကျမ်းငယ်ကလေးကို ကောက်ကာငင်ကာ ရေးသားပြုစုခဲ့သောကြောင့် ဖြစ်၏။

ယနေ့ ကျွန်တော်တို့သည် အပြောင်းအလဲတစ်ခုခု ဖြစ်ပေါ်စေမည့် စိတ်ကူးတစ်ခု ပေါ်ထွက်လာရေးကို စောင့်မျှော်နေကြ၏။ ထိုကွက်လပ်ကို ဖြည့်ဖို့ဆိုသည်မှာ ဟိုအရင်တုန်းကလိုပင် ယခုလည်း ကြောက်စရာ၊ ရင်တုန်ချင်စရာ ကောင်းနေဆဲဖြစ်၏။

ယခုခေတ် ပိုမိုတိုးတက်ခေတ်မီသော လူ့အဖွဲ့အစည်းက သာလွန်ကောင်းမွန်သော စိတ်ကူးစိတ်သန်းများကို တောင်းဆိုနေကြသည်ဖြစ်ရာ ထိုသို့ ပြောစမှတ်ပြုလောက်သည့် စိတ်ကူးတစ်ခု ထွက်လာရေးဆိုသည်မှာ ယခင်တုန်းကထက်ပင် ပိုပြီးကြောက်ဒူးတုန်ချင်စရာ၊ ကွေ့ပတ်ခေါင်းရှောင်ချင်စရာ အလုပ်တစ်ခု ဖြစ်နေတော့၏။ ယနေ့ သူတို့၏တောင်းဆိုမှုသည် ပို၍ပို၍ပင် အားကောင်းလာနေ၏။

ယခု ယန်း ထွင်ပေးလိုက်သည့် လမ်းသွယ်များက "ယူရီကား၊ ငါတွေ့ပြီ" ဟု ရင်ခုန်လှိုက်မောစွာ ကြွေးကြော်ရလောက်သည့် အောင် မြင်မှုလမ်းမကြီးပေါ်သို့ သေချာပေါက် ရောက်နိုင်မည့် လမ်းသွယ်များ ဖြစ်ပါသည်။

ဤစာအုပ်ကို ပထမဆုံးအကြိမ် စတင်တွေ့ဖူးချိန်တွင် ကျွန်တော်သည် တီထွင်ဖန်တီးမှုဆိုင်ရာ၊ ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေဆဲ ရှိသေးသည်။ ထိုစဉ်က ဂျိမ်းဝက်ဘ်ယန်း ဆိုသည့် နာမည်ကို ကျွန်တော် တစ်ခါမျှ

mgyoe.com

mgyoe.com



မကြားဖူးခဲ့။

သို့သော် တီထွင်ဖန်တီးမှုဆိုင်ရာ ဝန်ထမ်းအများစု နည်းတူ ကျွန်တော်သည် ဘီလ်ဘန်းဘာ့ခ် (Bill Bernbach) အား ကြည်ညိုလေးစားသည့် နောက်လိုက်တစ်ဦး ဖြစ်သည်။

ဘီဘ်ဘန်းဘာ့ခ် ကား ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ကြော်ငြာလောကကို ဖိမ့်ဖိမ့်တုန်အောင် ကိုင်လှုပ်ခဲ့သူ။

သူသည် ရှေးရိုးစဉ်လာ ကြော်ငြာစည်းမျဉ်း စည်းကမ်းများကို တော်လှန်ပြီး ဆန်းသစ်ထိရောက်သော ကြော်ငြာများ ဖန်တီးခဲ့သူ။

သူ ထိုးဖောက်ကြော်ငြာခဲ့သည်မှာ အမှတ်တံဆိပ်ပေါင်းများစွာ။ ထိုအထဲမှ မှတ်မှတ်ရရအဖြစ်ဆုံး၊ လူသိများအအောင်မြင်ဆုံး ကြော်ငြာမှာ ဖော့ဝက်ဂွန်ဘီးတဲလ် မော်တော်ကားကြော်ငြာဖြစ်၏။

ယခု ဘီလ်ဘန်းဘာ့ခ် ကဲ့သို့သော အကျော်အမော် ဆရာကြီး တစ်ဦးက ဤစာအုပ်ကလေးတွင် အမှာစာ ရေးသည်ဆိုတော့ သည်စာအုပ်ကလေးကို ကျွန်တော် မဖြစ်မနေ စူးစမ်းရတော့မည်။ လေ့လာရတော့မည်။

ကျွန်တော်တွေ့ရသည်မှာ တီထွင်ဖန်တီးမှု လုပ်ငန်းစဉ် အကြောင်း ရှင်းလင်းတင်ပြထားသည့် ကျမ်းငယ်ကလေး တစ်စောင်။ သည်အကြောင်းနှင့်ပတ်သက်၍ ကျွန်တော် ဖတ်ဖူးသမျှ စာအုပ်တွေထဲတွင် ကျစ်ကျစ်လျစ်လျစ်နှင့် အပြည့်စုံဆုံး စာအုပ်ကလေးဖြစ်ကြောင်း တွေ့ရ၏။ တီထွင်

mgyoe.com

mgyoe.com



ဖန်တီးမှု လုပ်ငန်းစဉ်အကြောင်း နားလည်လွယ်၊ သဘောပေါက်လွယ်အောင် ဉာဏ်အလင်း ဖွင့်ပေးသည့် စာအုပ်ကလေး။

ချက်ချင်းပင် ကျွန်တော့်လက်အောက်ရှိ တီထွင်ဖန်တီးမှုဌာန တစ်ဌာနလုံးမှ အမှုထမ်းများအား ဝေငှလို့ရလောက်သည့် စာအုပ်အရေအတွက်ကို လူလွှတ်ဝယ်ခိုင်းလိုက်ရ၏။ ထိုနောက်ပိုင်းတွင်လည်း နောက်ထပ်စာအုပ်ရာပေါင်းများစွာ ဝယ်ပြီး ဖတ်သင့်ဖတ်ထိုက်သူများအားပေးဝေခဲ့၊ ဖတ်စေခဲ့၏။

တီထွင်ဖန်တီးမှုအလုပ်ကို ယခုမှ စတင်လုပ်ကိုင်သူများအတွက် ယန်းက လမ်းညွှန်ချက်ပေးထားသည်။ ထို့ပြင်မက အာမခံချက်ပါ ပေးထားသည်။

သူ ဖော်ထုတ်တင်ပြပေးထားသည့် လမ်းညွှန်ချက်နှင့်အာမခံချက်မှာ စိတ်ကူးတစ်ခု ဖြစ်ပေါ်လာသည်မှာမတော်တဆဖြစ်ပေါ်မှုမဟုတ်၊ စိတ်ကူးစိတ်သန်းဆိုသည်မှာလုပ်ငန်းစဉ်တစ်ခုဖြစ်သည် ဟူ၏။

ကျွန်တော်တို့ ဦးနှောက်ထဲ တွေးမိသောအတွေးသည်ဗီဇသိစိတ်၊ သို့မဟုတ် အလိုလိုသိစိတ် သန့်သန့်ကြောင့်ဖြစ်ပေါ်လာခြင်းဟု ကျွန်တော်တို့က ယူဆချင်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့လို နည်းနည်းပိုပြီး အတွေ့အကြုံရှိသူများအား ယန်းက ထောက်ပြထားသည်မှာ အတွေးဟူ၍ကျွန်တော်တို့ သိမှတ်ထားသောအရာသည် အမှန်တော့စီကာစဉ်ကာ ဖြစ်ပေါ်နေသည့် ဆောင်ရွက်ချက်များသာဖြစ်ကြောင်း၊ ၎င်းဆောင်ရွက်ချက်များကို သရုပ်ဖော်ပြောပြလို့

mgyoe.com

mgyoe.com



ရကြောင်း၊ သင်ကြားပေးလို့ရကြောင်းအပြင် ၎င်းဆောင်ရွက်ချက်များကို ထပ်ကာတလဲလဲ လုပ်ဆောင်ရကြောင်းတို့ပင် ဖြစ်၏။

"ကျွန်တော့်ဘဝမှာ စိတ်ကူးရယ်လို့ တစ်ခါမှ ပေါ်မလာဖူးပါဘူးဗျာ" ဟု ပြောတတ်သူများ လက်ထဲသို့ ဤစာအုပ်ကလေး ရောက်သွားခဲ့သည်ရှိသော် ထိုသူတွေ သူတို့ကိုယ်သူတို့ အံ့သြတကြီးဖြစ်စေမည့် ဖြစ်ရပ်များနှင့် တွေ့ကြုံကြရပါလိမ့်မည်။

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာစာ

ဝီလျံ ဘန်းဘာ့ခ်
နာယက၊ ကမ္ဘာလုံးဆိုင်ရာနှင့် အမှုဆောင်အရာရှိချုပ်
ဒွိုင်းလ်ဒိန်း ဘန်းဘာ့ခ် ကော်ပီရေးရှင်း

ကြော်ငြာဘာသာရပ်နှင့် ပတ်သက်၍ ရေးသားထားသည့် ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်ထဲတွင် ဉာဏ်ပညာအကြီးဆုံးနှင့် အနှံ့စပ်ဆုံး ရေးသားထားသည့် ကျမ်းစာအုပ်များထက်ပင် တန်ဖိုးရှိလှသည့် တစ်စုံတစ်ရာကို ဂျိမ်းဝက်ဘ်ယန်းက သူ၏ကျမ်းငယ်တွင် ဖော်ထုတ် တင်ပြထား၏။ အကြောင်းမှာ သူသည် ဆက်သွယ်ရေးပညာအကြောင်း ရေးသားပြုစုထားပြီး ထိုသို့ပြုစုရာ၌ ဆက်သွယ်ရေးပညာ၏ ပဓာန အချက်များကို ခွဲခြမ်းစိတ်ဖြာပြသွားရုံမဟုတ်ဘဲ ဆက်သွယ်ရေးပညာ၏ အသက်ဝိညာဉ်အကြောင်းကိုပါ ပြောပြသွားတာကြောင့် ဖြစ်၏။

သူက စိတ်အကြောင်း ပြောပါသည်။

mgyoe.com

mgyoe.com



ဓာတုဗေဒပညာရှင်တစ်ဦးသည် လူသားကိုယ်ခန္ဓာ တစ်ခုဖြစ်လာအောင် ငွေကုန်ကြေးကျ သက်သက်သာသာ ဖြင့် တပ်ဆင်ပေးလို့ရ၏။ သူဖန်တီးပေးလို့ မရသည်မှာ ၎င်းခန္ဓာကိုယ်ကို အသက်သွင်းပေးဖို့ဖြစ်၏။

မစ္စတာယန်းက စိတ်ကူးစိတ်သန်းဆိုသည့် တီထွင်မှု မီးပွားကလေးအကြောင်း ရေးထားသည်။ စိတ်ကူးစိတ်သန်း က ကြော်ငြာတစ်ခု ရုပ်လုံးကြွလာအောင် ဖန်တီးနိုင်၏။ အသက်ဝင်လာအောင် စွမ်းဆောင်နိုင်၏။ ကြော်ငြာလုပ်ငန်း တွင် စိတ်ကူးထက် အရေးကြီးသောအရာ ဘာမျှမရှိပါချေ။

တီထွင်ဖန်တီးမှု လုပ်ငန်းစဉ်အကြောင်း ရှင်းလင်း တင်ပြရာ၌ မစ္စတာယန်းသည် ကျွန်တော်တို့၏ အကြီးမြတ် ဆုံး တွေးခေါ်ရှင်ကြီး တချို့၏ လမ်းစဉ်ကို လိုက်ပါသည်။ ဤဘာသာရပ်နှင့် ပတ်သက်၍ သိပ္ပံပညာဆိုင်ရာ ဂုရု ကြီးများဖြစ်သည့် ဘာထရန် ရပ်ဆယ်လ် (Bertrand Russell) နှင့် အဲလ်ဘတ်အိန်စတိန်း (Albert Einstein) တို့က အလားတူသော သူတို့အမြင်ကို ရေးသားခဲ့ကြ၏။ သည်အတွက် မစ္စတာယန်းကို ချီးကျူးဂုဏ်ပြုရပါမည်။

ကောင်းမွန်သော တီထွင်တွေး၏ အခြေခံသည် အသိပညာ ဖြစ်ကြောင်း ဂုရုကြီးနှစ်ပါးက သဘောမျှသည်။ သို့သော် ထိုမျှဖြင့် မလုံလောက်သေး။ အဆိုပါအသိပညာကို ထုံးလိုချေ ရေလိုနှောက် နှံ့စပ် ကျေညက်နေရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် လတ်ဆတ်ပြီး သစ်လွင်သော တွဲစပ်မှု များ၊ ဆက်နွှယ်မှုများ အသွင်ဖြင့် ထွက်ပေါ်လာရမည်ဟု မိန့်ဆိုခဲ့ကြသည်။ ၎င်းဖြစ်စဉ်ကို အိန်စတိန်းက အလိုလို

mgyoe.com

mgyoe.com



သိစိတ် ဟု သတ်မှတ်သည်။ ၎င်းအလိုလို သိစိတ်သည်သာ ထိုးထွင်းသိမြင်မှု အသစ်များဆီသို့ အရောက်ပို့ပေးမည့် တစ်သွယ်တည်းသော လမ်းဖြစ်သည်ဟု ဆရာကြီးက ယူမှတ်ပါသည်။

သင် ရလာသည့်စိတ်ကူးများ အရည်အသွေး ကောင်း၏၊ မကောင်း၏ကိုမူ အာမ,မခံနိုင်ကြောင်း မစ္စတာယန်းက ပြောခဲ့၏။ ထိုအကြောင်း ပထမဦးဆုံး ဖွင့်ဟပြောသူမှာ ဂျိမ်းဝက်ဘ်ယန်းသာဖြစ်ကြောင်း ကျွန်တော်ပြောရပါသည်။

သင့်ဘဝတွင် သင့်အား ကြိုးကိုင်ခြယ်လှယ်နေသည့် အင်အားစုများရှိ၏။ ထိုအထဲတွင် သင်၏မျိုးရိုးဗီဇလည်း အပါအဝင်ဖြစ်သည်။ သင့်စိတ်ကူး၏ အရည်အသွေးသည် ၎င်းအင်အားစု အားလုံးပေါင်းခြင်း၏ ရလဒ်ဖြစ်သည်ဟု မစ္စတာယန်းက ပြောပါသည်။

သည်တော့အဆိုပါ အင်အားစုအများစုကို သင်ပိုင်ဆိုင်လိုပါသလား။

အလွန်ရိုးရှင်းပြီး နားလည်လွယ်အောင် ကောက်ကြောင်းဖော်ပေးထားသည့် ကျင့်ထုံးများကို လိုက်နာကျင့်ကြံမည်ဆိုလျှင် အဆိုပါ အင်အားစု အများစုကို သင်ပိုင်ဆိုင်လာလိမ့်မည်။ နောက်ပြီး ပင်ကိုစွမ်းရည်များလည်း ဖြစ်ထွန်းလာပါလိမ့်မည်။

စိတ်ကူးများအကြောင်း နက်နက်နဲနဲပြီး ပဓာနကျသည့် အကြောင်းအရာကို ဆွေးနွေးပေးဖော်ရသည့်အတွက် မစ္စတာယန်း၏ကျေးဇူး ကျွန်တော်တို့အပေါ် ကြီးစွာတင်နေပါပြီ။

ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ အောင်မြင်မှု၏ အဓိက

mgyoe.com

mgyoe.com



သော့ချက်မှာ ဆီလျော်ပြီး ထူးခြားပြောင်မြောက်သော စိတ်ကူးများ ထုတ်လုပ်ခြင်းနှင့်ဆိုင်ကြောင်း ကြော်ငြာလုပ်ငန်းတွင် သမ္မာရင့်ဝါရင့်ဖြစ်သော မစ္စတာယန်းက ဖော်ထုတ်တွေ့ရှိခဲ့၏။

ထိုအချက်ကို ကျွန်တော်တို့ ပြက်ပြက်ထင်ထင် သိမြင်အောင် သူက အားထုတ်ခဲ့သည်။

ထို့ပြင်မက ထူးခြားပြောင်မြောက်သော စိတ်ကူးများ ထုတ်လုပ်ရေး ရည်မှန်းချက်ပန်းတိုင်သို့ အရောက်သွားနိုင်မည့် လမ်းမကြီးကိုလည်း ညွှန်ပြခဲ့လေသည်။

❖

mgyoe.com

mgyoe.com

## ကျမ်းဦးစကား

ဤအတွေးအမြင်များကို ချီကာဂို စီးပွားရေးတက္ကသိုလ်မှ ကြော်ငြာ ဘာသာရပ်ဖြင့် ဘွဲ့ရထားသူများအား ဦးစွာ တင်ပြခဲ့၏။ ထို့နောက် ကြော်ငြာလုပ်ငန်း လက်တွေ့ လုပ်ကိုင်နေသူတွေ တွေ့ဆုံပွဲ တော်တော်များများတွင်လည်း ပြောဟောဖြစ်ခဲ့၏။ ဤဟောပြောတင်ပြမှုများကတော့ တရားဝင်မဟုတ်။ အလွတ်သဘော တင်ပြမှုများသာ ဖြစ်ပါသည်။

တကယ်တမ်း ပြောရမည်ဆိုလျှင် ဤဘာသာရပ်သည် စိတ်ပညာ တွင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူ ပညာရှင်များနှင့်သာ ဆိုင်ပါသည်။ သို့သော် ကျွန်တော်က စိတ်ပညာရှင်တစ်ဦး မဟုတ်ပါ။ သည်တော့ ယခုတင်ပြမည့် ကျွန်တော်၏ သဘောထားအမြင်သည် စိတ်ကူးဆိုသည့် အရာများ ထုတ်လုပ်သည့်လုပ်ငန်းဖြင့် ဝမ်းကျောင်းခဲ့သူ တစ်ဦး၏ ဖော်ထုတ်ချက်များအဖြစ်သာ တန်ဖိုးရှိနိုင်ပါသည်။

mgyoe.com

mgyoe.com



ဤအတွေးအမြင်များကို ပထမဦးဆုံး စတင်စုစည်း ပြင်ဆင် ဖြစ်သည်မှာ တနင်္ဂနွေတစ်နေ့ မွန်းလွဲပိုင်းတွင် ဖြစ်၏။ တနင်္လာနေ့ သင်တန်းတွင် သင်ကြားပို့ချဖို့ အချက် အလက်များ ရှာဖွေစုဆောင်းနေခြင်း။ ထိုစဉ်က ၎င်းဘာသာ ရပ်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းတွေ အဆင်သင့်မရှိ။ အဆင်သင့် မရှိရုံသာမဟုတ်၊ ကျွန်တော်မှတ်မိသလောက် ပြောရလျှင် ရေးသားပြုစုထားသည့် စာအုပ်များပင်မရှိ။

ထိုအချိန်မှစပြီး ဤဘာသာရပ်အကြောင်း နယ်ပယ် အသီးသီးမှ ပညာရှင်များ၏ ရေးသားတင်ပြချက်များကို ကျွန်တော်သတိထားခဲ့၏။ ဖတ်ခဲ့မှတ်ခဲ့၏။ ဤအကြောင်း အရာနှင့် ပတ်သက်၍ များမကြာမီက ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်တွေရှိသည်။ တစ်စုံတစ်ရာ အတိုင်းအတာအထိ အကျိုးရှိပါသည်။ ထိုစာအုပ်တွေထဲမှ ကျွန်တော်နှစ်ခြိုက် သဘောကျနေသော စာအုပ်သုံးအုပ်ကို ဤစာအုပ်၏ နောက်ဆုံးမျက်နှာတွင် ဖော်ပြထားပါသည်။

ဂျိမ်း ဝက်ဘ်ယန်း
နယူးမက်ဆီကို၊
၁၉၆၀၊ ဇူလိုင်။

❖

mgyoe.com

mgyoe.com

# ဇာတ်လမ်းစခဲ့ပုံ

ချီကာဂိုမြို့ရှိ ကျော်ကြားအေဂျင်စီတစ်ခုတွင် အမှုဆောင်အရာရှိဘဝဖြင့် စာချုပ်သက်တမ်း နောက်ဆုံးနှစ်အဖြစ် အမှုထမ်းနေစဉ် တစ်နေ့တွင် တယ်လီဖုန်းခေါ်သံတစ်ချက် ဝင်လာသည်။ နာမည်ကြီး မဂ္ဂဇင်း တစ်စောင်မှ အနောက်တိုင်း ကြော်ငြာမန်နေဂျာဖြစ်သူက ဆက်ခြင်း။

အရေးတကြီး ကိစ္စတစ်ခုရှိသည့်အတွက် သူနှင့်ယခုချက်ချင်း တွေ့ဆုံနိုင်မည်လားဟု သူက ကျွန်တော့်ကို မေးသည်။ တယ်လီဖုန်း ချပြီး မကြာမီအတွင်း သူကျွန်တော့်ရုံးခန်းသို့ အမောတကော ရောက်ချ လာသည်။

"ကျွန်တော်တို့ အနောက်တိုင်း အရောင်းတစ်ဖွဲ့လုံး ဒီနေ့ အစည်း အဝေးလုပ်ကြတယ်။ အစည်းအဝေးရဲ့ အဓိကရည်မှန်းချက်ကတော့ ကျွန်တော်တို့ ရောင်းအားမြင့်တက်လာအောင် ဘယ်လို ကြံဆောင်မလဲ ဆိုတာပဲ။

"ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေမှာ တခြားအောင်မြင်တဲ့ မဂ္ဂဇင်းတွေနဲ့ အရောင်းတာဝန်ခံတွေရဲ့ ရောင်းနည်းတွေကို ကြိုးစားပြီး ခွဲခြမ်းစိတ်ဖြာ စိစစ်ကြည့်ကြတယ်။ အဲဒီအထဲမှာ အမေရိကန် ဝိခ်လီး

mgyoe.com

mgyoe.com



အရောင်းတာဝန်ခံ မစ္စတာကော့ဘလာရဲ့ အောင်မြင်မှုကိုတော့ ကျွန်တော်တို့ အထူးတလည် လေးစားအားကျမိတယ်ခင်ဗျ။

"သူ ဘာဖြစ်လို့ ဒီလောက်အောင်မြင်နေတာလဲဆိုတာ လေ့လာပြီးတဲ့အခါ ကျွန်တော်တို့ ကောက်ချက်ဆွဲလို့ရတာကတော့ သူတို့မဂ္ဂဇင်းရဲ့ အောင်မြင်မှုအားလုံးဟာ အချက်တစ်ချက်တည်းပေါ်မှာပဲ မူတည်နေတယ်လို့ တွေ့ရတယ်။ အဲဒါကတော့ သူဟာ မဂ္ဂဇင်းစာမျက်နှာနေရာကွက်လပ်ကို ရောင်းတာမဟုတ်ဘူး။ သူရောင်းနေတာ စိတ်ကူးတွေဖြစ်နေတယ်ဆိုတဲ့အချက်ကို သွားတွေ့ရတယ်ခင်ဗျ။

"အဲဒီတော့"

သူက စိတ်အားထက်သန်စွာဖြင့် သူ့စကားကို ဆက်သည်။

"ကျွန်တော်တို့လည်း သူ့လိုလိုက်လုပ်မယ်လို့ ဆုံးဖြတ်ကြတာပေါ့ခင်ဗျာ။ ခုချိန်ကစပြီး ငါတို့မဂ္ဂဇင်းစာမျက်နှာကွက်လပ်ကို မရောင်းတော့ဘူး။ မနက်ဖြန်မနက်ကစပြီး ငါတို့တစ်ယောက်ချင်းစီဟာ စိတ်ကူးတွေကိုပဲ ရောင်းတော့မယ်ပေါ့"

သည်တော့...သူတို့ ယခုလိုအဖြေထွက်လာတာ သိပ်ကောင်းကြောင်း ပြောရသည်။ သို့သော် သူကျွန်တော့်ဆီလာပြီး ဆွေးနွေးချင်တာဘယ်အကြောင်းလဲဆိုတာ မသိရသေးကြောင်း ကျွန်တော်ကပင် စကားစ,ပေးရသည်။

"အဲ"

သူ ရှေ့ရှုတ်သည်။ သူ့ပုံစံ တွေတွေငေးငေး ဆွေးဆွေးမြည့်မြည့်။

"ကျွန်တော်တို့လုပ်ရမှာက စိတ်ကူးတွေ ရောင်းရမယ်ဆိုတဲ့အသိကို သိမြင်လာကြပြီ၊ ဟုတ်တယ်နော်။ ဒါပေမဲ့ အဲဒီနောက်မှာ ကျွန်တော်တို့ 'တစ်' နေတော့တာပဲ၊ ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။

"ကျွန်တော်တို့ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား မသိ

mgyoe.com

mgyoe.com



တာက အဲဒီစိတ်ကူးတွေရလာအောင် ဘယ်လိုဖန်တီးကြမလဲဆိုတာပဲ။

"ဒီတော့ ကျွန်တော်ကပြောတယ်၊ ဆရာဆိုရင်တော့ ပြောပြနိုင်မှာပဲလို့။ အဲဒါနဲ့ ကျွန်တော် ဒီကိုရောက်လာတာပါပဲ ဆရာ။

ဆရာက ကြော်ငြာစိတ်ကူးတွေ အများကြီးဖန်တီးခဲ့တယ်လေ။ အဲဒီစိတ်ကူးတွေ ဆရာ ဘယ်လိုရခဲ့သလဲ။ ဘယ်လိုဖန်တီးခဲ့သလဲ။ ကျွန်တော့်လူတွေ ကျွန်တော့်ကို စောင့်နေကြတယ်။ ထူးခြားဆန်းပြားတဲ့ စိတ်ကူးတွေရအောင် ဘယ်လိုဖန်တီးရမယ်ဆိုတာ ပြောပြမှာကို စောင့်နေကြတယ်လေ"

ခုမှ ကျွန်တော် သဘောပေါက်လာသည်။ ထိုစဉ်က သူ့မေးခွန်းကြောင့် ကျွန်တော် အကြီးအကျယ် 'မြောက်' သွားတာဖြစ်မည်။ နောက်ပြီး ကျွန်တော့်အား လာရောက်မေးမြန်းသူသည် သိသာထင်ရှားစွာ 'မျက်ဖြူဆိုက်" နေတာဖြစ်မည်။ ထိုစဉ်က ထိုအချက်တွေသာ မဖြစ်ပေါ်ခဲ့လျှင် သူ့မေးခွန်းဆုံးသည်နှင့် ကျွန်တော်အူလှိုက်သည်းလှိုက် ဟားတိုက်ရယ်မောမိမှာ သေချာပေါက်ဖြစ်တော့၏။

ထိုစဉ်က ကျွန်တော်တွေးမိသည်မှာ ထိုမေးခွန်းလောက် ရယ်စရာကောင်းသည့်မေးခွန်းမျိုး၊ သို့မဟုတ် ထိုမေးခွန်းထက်ပိုပြီး နုံသည့် အသည့် မေးခွန်းမျိုးမရှိတော့ဟူ၍ ဖြစ်၏။ နောက်ပြီး သူတို့အတွက် အသုံးတည့်သောအဖြေမျိုး ပေးနိုင်စွမ်း ကျွန်တော့်တွင် လုံးဝမရှိပါချေ။

သို့သော် နောက်ပိုင်းတွင် စဉ်းစားမိသည်မှာ "အဲဒီစိတ်ကူးတွေ ဘယ်လိုရခဲ့သလဲ" ဆိုသည့်မေးခွန်းသည် ထင်ရသလောက် တုံးလွန်းအ,လွန်းသည့် မေးခွန်းမျိုးမဟုတ် ဟူ၍ဖြစ်၏။ သည်မေးခွန်းအတွက် အဖြေတစ်ခုခုတော့ ရှိကောင်းရှိမှာပေါ့။ အဲသည်နောက်ပိုင်းကစပြီး သည်မေးခွန်းအကြောင်း မကြာမကြာ စဉ်းစားနေမိခဲ့လေသည်။

❖

mgyoe.com

mgyoe.com

# အတွေ့အကြုံမှရသော ပုံသေနည်း

တောင်ပင်လယ်၏ လှိုင်းတံပိုးများထဲတွင် ရုတ်တရက် ကောက်ကာ ငင်ကာဆိုသလို ကျွန်းကလေးတွေ ပေါ်လာသည်ကို တွေ့မြင်ရသည့် ဒဏ္ဍာရီပုံပြင်တွေ ကျွန်တော်တို့ ကြားဖူး၏။ ထိုပုံပြင်များတွင် အသိရ ခက်ပြီး ထူးဆန်းအံ့ဩဖွယ် အရည်အသွေးတွေရှိ၏။ ထိုပုံပြင်များတွင် စိတ်ကူးယဉ်ချင်စရာ အရည်အသွေးတွေလည်း ပြည့်ဝနေ၏။

စိတ်ကူးတစ်ခုဆိုသည်မှာ အဆိုပါကျွန်းကလေးတစ်ကျွန်း ပင်လယ်ရေမျက်နှာပြင်တွင် ပေါ်ထွန်းလာသည်နှင့် အလားသဏ္ဍာန်တူ သည်ဟု ကျွန်တော်ထင်ပါသည်။

ရှေးခေတ်ပင်လယ်ပျော်များ အဆိုအရ ပြောရလျှင် ရေကြောင်းပြ ပုံများတွင် နက်ရှိုင်းသော ပင်လယ်ရေပြာများသာရှိသည်ဟု ပြထား သည့်နေရာများတွင် ပင်လယ်ရေမျက်နှာပြင်အထက် ရုတ်တရက် ပေါ် ထွန်းလာသည့် လှလှပပ သန္တာကျွန်းတစ်ကျွန်းကို တွေ့ရတတ်သည် ဆို၏။ သည်ဖြစ်စဉ်တွင် မယုံချင်ပုံပြင်သာမှတ်ဆိုသည့် အငွေ့ အသက်မျိုး ပါဝင်နေတတ်သည်။

စိတ်ကူးများနှင့် ပတ်သက်၍လည်း သည်အတိုင်းဖြစ်သည်ဟု

mgyoe.com

mgyoe.com



ကျွန်တော်ယူဆပါသည်။ စိတ်ကူးများသည်လည်း စိတ်မျက်နှာပြင်ပေါ်တွင် ရုတ်တရက် ဖျိုးခနဲဖျတ်ခနဲ ပေါ်လာတတ်၏။ နောက်ပြီး ၎င်းစိတ်ကူးများသည် ဘာကြောင့်မှန်းပြောလို့ မရလောက်အောင် ထူးခြားနေတတ်၏။ ပဋ္ဌလက်ဆန်ဆန် အံ့သြဖွယ်ကောင်းနေတတ်၏။

သို့သော် သိပ္ပံပညာရှင်များ သဘောပေါက်သည်မှာ တောင်ပင်လယ်တွင် ပေါ်ထွန်းလာသည့် သန္တာကျွန်းမှာ မျက်စိဖြင့် မမြင်သာသည့် မရေတွက်နိုင်သော သန္တာကောင်များ၏လက်ရာဖြစ်သည်ဟု ဆို၏။ ၎င်းသန္တာကောင်များသည် ပင်လယ်ရေ မျက်နှာပြင်အောက်တွင် အလုပ်လုပ်ကြသည်ဆို၏။

သည်တော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မေးမိ၏။

"စိတ်ကူးတစ်ခုသည်လည်း ထိုဖြစ်စဉ်အတိုင်း ဖြစ်နိုင်သလား။ သိစိတ်မျက်နှာပြင်၏ အောက်ခြေတွင် ဖြစ်ပေါ်နေပြီး မမြင်သာသည့် စိတ်ကူးတည်ဆောက်ရေး ဖြစ်စဉ်များ၏ နောက်ဆုံးရလဒ်သည် စိတ်ကူးတစ်ခု ဖြစ်နေသလား။

"ထိုသို့ဖြစ်နေသည်ဆိုလျှင် သိမှတ်စွာ ကျင့်ကြံပြီး လက်တွေ့အသုံးချလို့ရလောက်အောင် ၎င်းလုပ်ငန်းစဉ်များကို ခွဲခြားဖော်ထုတ်လို့ ရနိုင်မည်လား။ အတိုချုပ်ဆိုရသော် 'စိတ်ကူးတွေ ဘယ်လိုရသလဲ' ဆိုသည့်မေးခွန်းကို အဖြေထုတ်သည့်အနေဖြင့် ပုံသေနည်းတစ်ခု သို့မဟုတ် နည်းထူးတစ်ရပ် ဖော်ထုတ်လို့ ရနိုင်မည်လား"

သို့ဖြင့် ၎င်းမေးခွန်းများအကြောင်း ကြာမြင့်ကြာရှည် အချိန်ယူပြီး တစိမ့်စိမ့်စဉ်းစားခဲ့၏။ တွေးဆ ချင့်ချိန်ခဲ့၏။ နောက်ပြီး ကျွန်တော်နှင့် နီးနွယ်ဆက်စပ်မှုရှိသော စိတ်ကူးဖန်တီးသူများ၏ လက်ရာများကို အနုစိတ် အကဲခတ်လေ့လာခဲ့၏။ အဆိုပါ အားထုတ်မှုများမှ ရလာသော အဖြေများသည် ယခု ကျွန်တော်အကြံပြုတင်ပြနေသည့် နည်းစနစ်

mgyoe.com

mgyoe.com



များပင် ဖြစ်၏။

သည်တော့...

ကျွန်တော် ယတိပြတ် ကောက်ချက်ဆွဲလို့ရသည်မှာ စိတ်ကူးများ ထုတ်လုပ်ခြင်းသည် ဖို့ဒ်မော်တော်ကားများ ထုတ်လုပ်သည့် လုပ်ငန်းစဉ် ကဲ့သို့ပင် သတ်သတ်မှတ်မှတ် လုပ်ငန်းစဉ်တစ်ခုဖြင့် ထုတ်လုပ်လို့ရသည် ဟူ၍။ သဘောကတော့ မော်တော်ကား အစိတ်အပိုင်းများကို တပ်ဆင်ရေး လမ်းကြောင်းပေါ်တင်ပြီး တပ်ဆင်သည့်နည်းတူ စိတ်ကူးထုတ်လုပ်ရေးတွင် အကျိုးထင်စေသောနည်းထူး အတိုင်း စိတ်က လိုက်နာကျင့်ကြံရပါမည်။ ၎င်းနည်းထူးကို သင်ယူလို့ရနိုင်၏။ ထိန်းချုပ်လို့ရနိုင်၏။ ၎င်း နည်းထူးကို ထိရောက်စွာ ကျင့်ကြံခြင်းသည် မည်သည့် ကိရိယာတန်ဆာပလာမျိုးကိုမဆို ထိရောက်စွာ အသုံးချသည်နှင့် တူပါသည်။

သည်တော့ သင်က ကျွန်တော့်ကို မေးချင်မေးလိမ့်မည်။ ဤဖော်ထုတ်တွေ့ရှိချက်မှ ရလာသည့်နည်းထူးကို ကျွန်တော်က ဘာကြောင့် လိုလိုချင်ချင် တစ်ပါးသူများအား ဝေမျှချင်ရသလဲဟု။ သည်လိုမေးလာလျှင် ကျွန်တော် တိုးတိုးတိတ်တိတ် အတွင်းစကား ပြောလိုက်ချင်ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်တော့်အား အတွေ့အကြုံက အချက်နှစ်ချက် သင်ကြားပေးထားပါသည်။

ပထမအချက်မှာ ဤနည်းထူးသည် ပြောပြရမှာ အလွန်ရိုးရှင်းလွန်းနေသည့်အတွက် ဤနည်းထူးအကြောင်း ကြားရသူ အံ့နည်း အကျဉ်းလောက်ကသာ အမှန်တကယ် ယုံကြည်မည်ဖြစ်ပါသည်။

ဒုတိယအချက်မှာ ပြောပြရန် ရိုးရှင်းလှသော်လည်း ဤနည်းထူး အတိုင်း လိုက်နာကျင့်ကြံတော့မည်ဆိုလျှင် ဉာဏ်ပညာသုံးရသည့် အလုပ်ကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်ဖို့ လိုအပ်၏။ ထို့ကြောင့်

mgyoe.com

mgyoe.com


ဤနည်းထူးကို လက်ခံသူတိုင်း လိုက်နာကျင့်သုံးမည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်တော် အသက်မွေးနေထိုင်သည့် ဈေးကွက်အတွင်း ဤနည်းထူးအကြောင်း မကြားချင်အဆုံး ပေါ်သွားမှာ မကြောက်ရွံ့ဘဲ အသံလွှင့်တင်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။

❖

mgyoe.com

. m g y o e . c o m

# ပယ်ရက်တို့ အခြေခံသဘောတရား

"ဒီလူ့ဘဝတစ်လျှောက်လုံးမှာ စိတ်ကူးကလေးတစ်ခုတောင် လောက်လောက်လားလား ထွက်ခဲ့တာမဟုတ်ဘူး"

ထိုသို့ ကျွန်တော်တို့ ပြောရလောက်သူတွေကို ကျွန်တော်တို့ယခု သိနေကြပြီ။

ထိုသို့ ပြောခြင်းဆိုခြင်းက ကျွန်တော်တို့အား မေးခွန်းတစ်ခုနှင့် ပက်ပင်းတိုးစေတော့၏။ မေးခွန်းက တကယ့်မေးခွန်း။ ဤအကြောင်းအရာနှင့်ပတ်သက်၍ မမေးမဖြစ် မေးကိုမေးရမည့်မေးခွန်း။

ထားလိုက်ပါတော့။ စိတ်ကူးများထုတ်လုပ်ရေးနှင့် ပတ်သက်၍ ကျွန်တော်တို့ အသုံးပြုလို့ရသည့် နည်းထူးတစ်ခု ရှိသည်ပဲ ထားပါ။ သို့ရှိတော့ရော ၎င်းနည်းထူးကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ပညာအဆင့်အတန်းမရွေး ဘယ်သူမဆို အသုံးပြုနိုင်စွမ်း ရှိပါမည်လား။

သည်လိုမှ မဟုတ်လည်း စိတ်ကူးများထုတ်လုပ်ရန် အထူးသီးသန့် အရည်အချင်းဆိုတာမျိုး ရှိဖို့လိုသလား။ မွေးရာပါအရည်အချင်း ဆိုတာမျိုး၊ ပါရမီဆိုတာမျိုး၊ ပင်ကိုစွမ်းရည်ဆိုတာမျိုးတွေပေါ့။ ဥပမာ–အသံခွဲနိုင်စွမ်း၊ သို့မဟုတ် အရောင်ခွဲနိုင်စွမ်း၊ သို့မဟုတ် ဖဲချပ်

mgyoe.com

mgyoe.com


ခွဲနိုင်စွမ်းလို ဘယ်သူမှ့သင်မပေးရဘဲ မွေးကတည်းက ပါလာသည့် ကိုယ်စွမ်းကိုယ်စမျိုးတွေဖြင့် ပြည့်စုံဖို့လိုသလား။ ထိုသို့သော အရည်အချင်းမျိုးဖြင့် ပြည့်စုံပါမှ စိတ်ကူးကောင်းတွေ ဖန်တီးနိုင်မှာလား။

ငင်းမေးခွန်းအတွက် အဖြေတစ်ခုကို ကြီးမြတ်သော အီတာလျံလူမှုဗေဒပညာရှင် ပယ်ရက်တို (Pareto)က သူရေးသားပြုစုခဲ့သည့် Mind and Society စာအုပ်ထဲတွင် အကြံပြုတင်ထား၏။

ပယ်ရက်တိုက ကမ္ဘာပေါ်ရှိ လူသားအားလုံးကို အဓိကအားဖြင့် အမျိုးအစား နှစ်မျိုးခွဲခြားလို့ရသည်ဆို၏။ ပထမအမျိုးအစားမှာ မြော်မြင်တတ်သူများ ဖြစ်ပြီး၊ ဒုတိယအမျိုးအစားမှာ အတိုးစားသူများဖြစ်၏။

မြော်မြင်တတ်သူများဆိုသည်မှာ နောင်ရေးကို တွေးဆမြော်မြင်တတ်သူများ၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အနေအထားများကို ထင်ကြေးပေးတတ်သူများ၊ မျှော်တွေးချင့်ချိန်တတ်သူများ ဖြစ်၏။ စီးပွားရေးလောကတွင်တော့ ကုန်ပစ္စည်းဈေးနှုန်း အတက်အကျတွင် အမြတ်ထုတ်ရန် ကုန်လှောင်သူ၊ သို့မဟုတ် ဈေးကစားသူ ဟူ၍ အဓိပ္ပာယ်ရ၏။

မြော်မြင်တတ်သည့် လူစားများသည် အနာဂတ်အရေး ကြိုတင်မျှော်တွေးချင့်ချိန်တတ်သူများ ဖြစ်၏။ သည်လိုလူစား၏ ထူးခြားသော စရိုက်လက္ခဏာမှာ သူတို့သည် ဖြစ်နိုင်ခြေရှိသော ပေါင်းစပ်မှုအသစ်များကို စိတ်ဝင်စားသည်။ သူတို့၏အာရုံသည် ထိုသို့သော အနေအထားများကို အစဉ်တစိုက် ကြိုတင်တွက်ဆနေ၏။ သူတို့အာရုံသည် ထိုသို့သော ဖြစ်နိုင်ခြေများထဲတွင် အမြဲတစေ နစ်မြုပ်နေတတ်၏။

ထို့ကြောင့် မြော်မြင်တတ်သူဆိုသည်မှာ ဖြစ်နိုင်ခြေရှိသော ပေါင်းစပ်မှုအသစ်များ၏ အနေအထားကို အစဉ်တစိုက် အာရုံ

mgyoe.com

mgyoe.com



ဝင်စား တွက်ဆနေသူ ဟူ၍ မှတ်ထားပါ။ ထိုအထဲတွင် စိတ်စွဲလမ်းမှု သဘောပါဝင်သည့် အာရုံဝင်စား ဆိုသည့်စကားလုံးကို အထူးတလည် မှတ်သားထားပါ။

ပယ်ရက်တိုက ဈေးကစားသူဆိုရာ၌ 'ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာ စိမံချက်များ ချမှတ်သည့် စီးပွားရေးလုပ်ငန်းရှင်များသာမဟုတ်ဘဲ တီထွင်မှုပြုလုပ်သူတိုင်း၊ နိုင်ငံအရေးအရနှင့် သံတမန်ရေးအရ ပြန်လည်တည်ဆောက်မှု ပြုလုပ်သူတိုင်း' ကိုလည်း ဤအတန်းအစားထဲ ထည့်ထား၏။

အတိုချုပ်ဆိုရသော် ဤအမျိုးအစားတွင် ပါဝင်သူများသည် မည်သည့်နယ်ပယ်တွင်မဆို တစ်ဦးတည်း တစ်ယောက်တည်း ကောင်းစားနေခြင်းကို မနှစ်သိမ့်၊ အားမရနိုင်သူဖြစ်ပြီး ထိုသို့သော အနေအထားကို ဘယ်ပုံဘယ်နည်း ပြောင်းလဲပစ်ရမည်ဖြစ်ကြောင်း မြော်မြင်တွေးဆတတ်သူများ အကျုံးဝင်ပါသည်။

ပယ်ရက်တိုသတ်မှတ်သည့် လူအမျိုးအစား နောက်တစ်မျိုးမှာ **အတိုးစားသူများ** ဖြစ်၏။ rentier ဆိုသည့် ပြင်သစ်စကားကို အင်္ဂလိပ်စကားသို့ ဘာသာပြန်လိုက်သောအခါ ကော်ပိုရေးရှင်းကြီးများ၊ ကုမ္ပဏီကြီးများ၏ စတော့ (stocks)များ ဂယ်ယူပိုင်ဆိုင်ထားသူများဟု အဓိပ္ပာယ်ရ၏။ သို့သော် ပယ်ရက်တို ဆိုလိုသည်မှာ ငွေရှင်များ၊ သို့မဟုတ် ငွေအိတ်ကိုင်ထားသူများဟူ၍ ဖြစ်ပါသည်။

ထိုသို့သောသူများသည် ပုံမှန် မှန်တမ်းသမားများ၊ သမားရိုးကျသမားများ၊ ရှေးရိုးစဉ်လာသမားများ၊ တီထွင်ဆန်းသစ်မှုကင်းသည့် လေ့ကြီးထိုးရိုးရိုးသမားများဖြစ်သည်ဟု ပယ်ရက်တိုက ဆိုလိုပါသည်။ ထို့ပြင် ထိုသို့သောလူစားများကို မြော်မြင်တတ်သူ၊ သို့မဟုတ် ဈေးကစားသူများက ကြိုးကိုင်ခြယ်လှယ်ပါသည်။

mgyoe.com

mgyoe.com


ကမ္ဘာ့လူဦးရေအားလုံးကို လူ့အလွှာနှစ်လွှာတည်းတွင် အကျုံးဝင်အောင် ပယ်ရက်တိုက ထည့်သွင်းထားခြင်းသည် ပြည့်စုံလုံလောက်ပါရဲ့လားဟု ဝေဖန်ချင်လျှင် ဝေဖန်လို့ရ၏။ သင် ထင်ချင်သလိုထင်၊ သင်ယူဆချင်သလို ယူဆလို့ရပါသည်။ သို့သော် ကမ္ဘာ့လူသားများတွင် အဆိုပါ လူ့အလွှာနှစ်လွှာ တည်ရှိနေကြောင်းတော့ ကျွန်တော်တို့အားလုံး လက်ခံကြပါသည်။ သူတို့သည် မွေးကတည်းက ထိုသို့ဖြစ်လာသလား၊ သို့မဟုတ် လူမှုဝန်းကျင်နှင့် လေ့ကျင့်သင်ကြားပေးမှုအရ ထိုသို့ဖြစ်လာသလားဆိုသည်ကို ထည့်တွက်နေဖို့မလို။ ထိုသို့သော လူ့အလွှာနှစ်လွှာ ရှိနေသည်တော့ အမှန်။

ထိုသို့သော လူစားများရှိနေသည်မှာ အမှန်ဖြစ်နေသည်ဆိုတော့ စိတ်ကူးများ ထုတ်လုပ်ရေး နည်းထူးတွေရှိသည် ဆိုသည့်တိုင် မည်သည့်နည်းထူးကမျှ မကယ်နိုင်သည့် လူစားမျိုးတွေ အမြောက်အမြားရှိနေသည်ဟု ကျွန်တော်ယူဆပါသည်။

သို့သော် ကျွန်တော်တို့ လုံးပန်းရှာဖွေနေသည့် အကြောင်းကိစ္စအတွက် အရေးကြီးသည်ဟု ကျွန်တော်ယူဆသည့်အချက်မှာ ဤကမ္ဘာပေါ်တွင်ရှိသည့် မြော်မြင်တတ်သူများ၊ သို့မဟုတ် ပြန်လည်ဆက်စပ်ဖော်ထုတ်သူများသည် အလွန့်အလွန် ကြီးမားသည့် အုပ်စုကြီး ဖြစ်နေခြင်းပင်။ သူတို့တွင် စိတ်ကူးများ၊ အတွေးများ ထုတ်လုပ်နိုင်စွမ်းရှိသည်။ အနိမ့်ဆုံးအားဖြင့် သူတို့တွင် စိတ်ကူးများထုတ်လုပ်ဖို့ မွေးရာပါစွမ်းရည်များရှိသည်။ ဘာပဲဖြစ်ဖြစ် ဤစွမ်းရည်မျိုးကား လူတိုင်းမှာရှိသည့် စွမ်းရည်မျိုးမဟုတ်။ ရှေးဘဝကုသိုလ်ကြောင့် ရတောင့်ရခဲရထားသည့် စွမ်းရည်မျိုးဖြစ်၏။

လောကတွင် လူတော်လူမော်တွေ အများကြီးရှိ၏။ သို့သော် လူတိုင်းတော့ တော်ပေ့တတ်ပေ့ဆိုသည့် စွမ်းရည်ထူးသူများ မဟုတ်ပါ။

mgyoe.com

mgyoe.com



သည်တော့ ကျွန်တော်တို့သည် စွမ်းရည်ထူးသူများ စာရင်းတွင် မပါဝင်သော်လည်း အတော်အသင့် စွမ်းရည်ရှိသူများ စာရင်းတွင်တော့ ပါလောက်သည်ဟုပဲ မျှော်လင့်ရပါတော့မည်။

မည်သို့ဖြစ်စေ၊ လူတစ်ယောက် (မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်) သည် ကြော်ငြာကို သဘောကျသည်။ နှစ်သက်သည်၊ စွဲမက်သည် ဆိုလျှင် ထိုသူသည် ဤကမ္ဘာပေါ်ရှိ ပြန်လည်ဆက်စပ် ဖော်ထုတ်သူများ အုပ်စုထဲ ပါဝင်နေပြီဟု ကျွန်တော်တို့ မှတ်ယူကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် သူ့တွင် ဆန်းသစ်တီထွင်နိုင်သည့် စွမ်းရည်များ ရှိနေသည်။ ၎င်းစွမ်းရည်များသည် အခြားစွမ်းရည်များနည်းတူ အထူးတလည် အားထုတ်လေ့ကျင့်ခြင်းအားဖြင့် တိုးပွားအားကောင်းလာနိုင်၏။ ပြီးတော့ နည်းထူးတစ်ခုကို တစ်ဖက်ကမ်းခပ် တတ်မြောက်အောင် ကြိုးစားခြင်းဖြင့် ၎င်းစွမ်းရည်များကို ပိုမိုထိရောက်ပြောင်မြောက်စွာ အသုံးချနိုင်ပါမည်။

❖

mgyoe.com

mgyoe.com

# စိတ်ကို လေ့ကျင့်ပေးခြင်း

သည်တော့ စိတ်ကူးများ တီထွင်ဖန်တီးဖို့ မွေးရာပါစွမ်းရည် နည်းနည်းပါးပါး ကျွန်တော်တို့တွင် ရှိသည်ဆိုပါစို့။ ထိုအခါ ကျွန်တော်တို့ ရှောင်မရ လွှဲမရ လက်တွေ့ကျသည့် မေးခွန်းတစ်ခုနှင့် ကြုံရတော့၏။

"အဲဒီစွမ်းရည်တွေ ဖွံ့ဖြိုးတိုးတက်လာစေတဲ့ နည်းစနစ်တွေဟာ ဘာတွေလဲ" ဟူ၏။

မည်သည့် အနုပညာမျိုးကိုမဆို သင်ယူဆည်းပူးတော့မည်ဆိုလျှင် ဦးစားပေးသင်ယူရမည့် အရေးကြီးသောအရာများ ရှိပါသည်။ နံပါတ်တစ် အရေးကြီးသည်မှာ အခြေခံသဘောတရားများဖြစ်၏။ ထို့နောက် နံပါတ်နှစ် အရေးကြီးသည်ကတော့ နည်းစနစ်ဖြစ်ပါသည်။ စိတ်ကူးများ တီထွင်ဖန်တီးခြင်း အနုပညာတွင်လည်း ထိုအချက်များပင် အရေးကြီးပါသည်။

ဒေါက်တာ ရောဘတ်ဟတ်ချင်း (Dr. Robert Hutchins) ၏ အလိုအရဆိုလျှင် တသီးတသန့် အသိပညာ အပိုင်းအစကလေးများသည် ဘာမျှမဟုတ်၊ လျင်မြန်စွာ အိုမင်းရင့်ရော်သွားသည့် အချက်အလက်များ စုစည်းထားခြင်းသာဖြစ်၏။ သည်တော့ အဓိကအရေးကြီး

mgyoe.com

mgyoe.com


သည်မှာ အခြေခံသဘောတရားများနှင့် နည်းစနစ်သာ ဖြစ်တော့၏။

သို့ဖြစ်ရာ ကြော်ငြာနှင့်ပတ်သက်၍ ကျွန်တော်တို့ သိထားတာတွေ ရှိကောင်းရှိနိုင်သည်။ ခဲစာလုံးပွိုင့်တွေ၊ ဘလောက်ပုံထွင်း ရုပ်ပုံများရိုက်ခ ကုန်ကျငွေ၊ စာအုပ်၊ စာစောင်များ၏ ကြော်ငြာခဈေးနှုန်းများနှင့် ကြော်ငြာ လက်ခံသည့် နောက်ဆုံးပိတ်ရက်များ။

ကျောင်းဆရာတစ်ယောက် 'ဖျား' သွားလောက်အောင် သဒ္ဒါ စည်းမျဉ်းစည်းကမ်းတွေ နားလည်တတ်ကျွမ်းသည်။ အာဝဇ္ဇန်းရွှင်သည်။ အာစလျှာစကောင်းသည်။ နောက်ပြီး ရုပ်မြင်သံကြားအစီအစဉ်များမှ ဖျော်ဖြေရေး အနုပညာရှင် တော်တော်များများကိုလည်း သိသည်။

သည်တော့ ကျွန်တော်တို့ သိသင့်သိထိုက်သည့် အကြောင်းကိစ္စများ၊ ကုန်ကျစရိတ်များ၊ သိသင့်သိထိုက်သူများ စသည်ဖြင့် တော်တော်စုံစုံလင်လင်ကြီး သိထားပြီ။ နားလည်သဘောပေါက်ထားပြီ။

သို့တိုင် ကြော်ငြာသမားတစ်ဦးတော့ ဖြစ်မလာသေး။

ဘာကြောင့်ဆို ကျွန်တော်တို့ ကြော်ငြာလုပ်ငန်း၏ အသက်ဖြစ်သည့် အခြေခံသဘောတရားများနှင့် ပဓာနကျသည့် နည်းစနစ်များကို နားလည်သဘောပေါက်မှု မရှိသောကြောင့်။

ဤဖြစ်စဉ်၏ အခြားတစ်ဖက်တွင်မူ ကျွန်တော်တို့ အထက်ဖော်ပြပါ အကြောင်းအရာများကို ဘာတစ်ခုမျှမသိ၊ နားမလည်။ သို့သော် ကြော်ငြာနှင့်ပတ်သက်သည့် အခြေခံသဘောတရားများနှင့် နည်းလမ်းကို ထိုးထွင်းသိမြင်သော ဉာဏ်ရှိသည်။

ထိုအခါ...

မိမိလက်အောက်တွင် နည်းပညာရှင်များအား အလုပ်ခန့်ထားခြင်းအားဖြင့် ကြော်ငြာတွေ ထုတ်လုပ်ရေးကို အထောက်အကူရစေ၏။

သို့ဖြစ်ရာ တစ်ခါတစ်ရံတွင် ကုန်ထုတ်လုပ်သူတစ်ဦး၊ သို့မဟုတ်

mgyoe.com

mgyoe.com


ကုန်သည်တစ်ဦးသည် သူတို့အလုပ်ခန့်ထားသည့် ကြော်ငြာ ကိုယ်စားလှယ်၊ သို့မဟုတ် ကြော်ငြာမန်နေဂျာထက် ပိုတော်သော ကြော်ငြာဖန်တီးထုတ်လုပ်သူ ဖြစ်နေတတ်သည်ကို တွေ့နေရခြင်းဖြစ်ပေသည်။

စိတ်ကူးများ ဖန်တီးထုတ်လုပ်ရေး အနုပညာနှင့် ပတ်သက်၍လည်း ထိုနည်းလည်းကောင်းပါပဲ။ သင်သိထားအပ်သည့် တန်ဖိုးအရှိဆုံး အသိအမြင်တစ်ရပ်ရှိပါသည်။

ထိုအရာကား သီးသီးသန့်သန့် စိတ်ကူးတစ်ခုကို ဘယ်မှာရှာရမလဲဆိုတာ သိနေဖို့မဟုတ်။

စိတ်ကူးအားလုံး၏ ဇာစ်မြစ်ဖြစ်သည့် အခြေခံသဘောတရားများကို နားလည်သဘောပေါက်နေဖို့၊ စိတ်ကူးအားလုံး ဖန်တီးထုတ်လုပ်သည့် နည်းစနစ် ကို နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင် ကျွမ်းကျင်နေအောင် စိတ်ကို လေ့ကျင့်ပေးနေဖို့ပင် ဖြစ်ပါသည်။

❖

mgyoe.com